+ ၂၀၀၂
ဇူလိုင်လ
၂၆ ရက်

# တရားမအထူးအယူခံမှု

တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊
တရားသူကြီးများဖြစ်ကြသောဦးခင်မြင့်နှင့်ဦးစန်းတင့်ရီတို့၏ရှေ့တွင်

ဒေါ်စပ်ချစ်ဦး
(ကွယ်လွန်သူဒေါ်စပ်လိပ်လုံ၏တရားဝင်ကိုယ်စားလှယ်) ပါ ၉
နှင့်
ဦးစိုင်းရီ *

**ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃။ အချင်းဖြစ်မြေနှင့်အိမ်ကို အမှန်တကယ် တန်ဘိုးငွေ ကျပ် ၃ သိန်းဖြင့် ရောင်းချခဲ့ခြင်း ဖြစ်ပါလျက် အရောင်းအဝယ်စာချုပ်တွင် တန်ဘိုးငွေ ကျပ် ၁ သိန်းခွဲဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်း ဖော်ပြထားသဖြင့် ယင်းစာချုပ် သည် ဥပဒေနှင့်ညီညွတ်ပြီး အတည်ပြုနိုင်သော စာချုပ် ဟုတ်-မဟုတ်။**

**ဆုံးဖြတ်ချက်။** ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ တွင် သဘောတူညီချက်၏ရည်ရွယ်ချက်သည် အောက်ပါအချက်တစ်ရပ်ရပ်မရှိမှသာလျှင် တရားဥပဒေနှင့် ညီကြောင်းပြဋ္ဌာန်းထားသည်-

(၁) တရားဥပဒေဖြင့် တားမြစ်ထားသည့်အချက်၊
(၂) အကယ်၍ ခွင့်ပြုလျှင် တရားဥပဒေပါ ပြဋ္ဌာန်းချက်များကို ပျက်ပြားစေမည့်အချက်၊
(၃) လိမ်လည်လှည့်ဖြားရာ ရောက်သည့်အချက်၊
(၄) သူတပါး၏ကိုယ် (သို့မဟုတ်) ပစ္စည်းကို ထိခိုက်နစ်နာစေခြင်း (သို့မဟုတ်) နစ်နာရာရောက်စေသည့်အချက်၊
(၅) ကျင့်ဝတ်တရားပျက်ပြားသည့် သို့မဟုတ် အများပြည်သူဆိုင်ရာဝါဒနှင့် ဆန့်ကျင်သည်ဟု တရားရုံးက ထင်မြင်သည့်အချက်။

---

* ၂၀၀၁ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၂ (မန္တလေး)

+ ၁၉၉၈ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၁၄၇ တွင် ချမှတ်သော ၂၄-၉-၉၉ ရက်စွဲပါ တရားရုံးချုပ် (မန္တလေး) ၏စီရင်ချက်နှင့်ဒီကရီကိုအထူးအယူခံမှု

၂၀၀၂
ဒေါ်စပ်ချစ်ဦး
(ကွယ်လွန်သူ
ဒေါ်စပ်လိပ်လုံ
၏တရားဝင်
ကိုယ်စားလှယ်)
နှင့်
ဦးစိုင်းရီ

လဲချားစော်ဘွားကြီးဦးစပ်နွံနှင့် ဦးစိုင်းရီတို့သည် အိမ်မြေ အရောင်းအဝယ် စာချုပ်ချုပ်ဆိုကြရာတွင် အဘိုးစားနားတန်ဘိုးငွေ ကျပ် ၃ သိန်းဖြင့် အမှန်တကယ် အရောင်းအဝယ် ပြုလုပ်ကြခြင်းဖြစ်ပါလျက် အမြတ်ခွန် သက်သာစေရန် အလို့ငှာ အဘိုးစားနားတန်ဖိုးငွေကို ၁ သိန်းခွဲ ဟု ဖော်ပြခြင်းမှာ မမှန်မကန် ဖော်ပြခြင်းဖြစ်သည်။ ရောင်းသူဝယ်သူ ၂ ဦး လုံးက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးကို လျှော့နည်း၍ မမှန် မကန် ဖော်ပြခြင်းသည် အမြတ်ခွန်နှင့် တံဆိပ်ခွန်များ သက်သာစေရန် သက်ဆိုင်ရာဌာနများကို လိမ်လည်လှည့်ဖြားခြင်းဖြစ်၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ အရ ယင်းသဘောတူညီချက်၏ ရည်ရွယ်ချက်သည် တရားဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ချေ။ တရားဥပဒေနှင့်ညီညွတ်ခြင်း မရှိသည့် သဘောတူညီချက်ကို အတည် မပြုလုပ်နိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** အရောင်းအဝယ်စာချုပ်တွင် အဘိုးစားနား တန်ဘိုးငွေ ကျပ် ၁ သိန်းခွဲဖြင့် မမှန်မကန်ဖော်ပြချုပ်ဆိုထားသည်ကို အမှန်အကန်ရောင်းဝယ်သည့် အဘိုးစားနား တန်ဘိုးငွေ ကျပ် ၃ သိန်း အပေါ်တွင် ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်နှင့် မှတ်ပုံတင်ကြေးတို့ ပေးဆောင်စေပြီး တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆို စေမည်ဆိုပါက ရောင်းသူနှင့် ဝယ်သူတို့၏ တရားဥပဒေနှင့် မညီသည့် သဘောတူညီချက်ကို အားပေးရာရောက်မည်ဖြစ်၍ တရားမျှတမှု၊ သာနာညီမျှမှု၊ စိတ်စေတနာကောင်းမှုဟူသောမူနှင့်လည်း ညီညွတ်မျှတမည် မဟုတ်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | - | ဦးမင်းလွင်<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်အတွက် | - | ဦးဇော်လင်း<br>တရားရုံးချုပ်ရှေ့နေ |

ရှမ်းပြည်နယ်တရားရုံး(တောင်ကြီးခရိုင်) ၁၉၉၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉ တွင် ဦးစိုင်းရီက ဒေါ်လှကြွယ်၊ ဒေါ်စပ်လိပ်လုံ၊ ဒေါ်စပ်ခင်ဌေး၊ ဦးစပ်ဆေးဟုန် (ခ) ဦးစပ်လုံ၊ ဒေါ်ခင်မာလာ (ခ) ဒေါ်စပ်ပေါက်၊ ဒေါ်စပ်နောင့်အွန် (ခ) ဒေါ်စပ်ပဒုမ္မာ၊ ဦးစပ်မိ၊ ဦးစပ်ထ

၂၀၀၂
ဒေါ်စပ်ချစ်ဦး
(ကွယ်လွန်သူ
ဒေါ်စပ်လိပ်လုံ
၏တရားဝင်
ကိုယ်စားလှယ်)
နှင့်
ဦးစိုင်းရီ

(ခ) ဦးစပ်ထိုက် (ခ) ဦးဌေးလှိုင် တို့အပေါ် လဲချားစော်ဘွားကြီးဦးစပ်နွံထံမှ ဝယ်ယူထားသော တောင်ကြီးမြို့၊ လမ်းမတော်ရပ်၊ စပ်စံထွန်းလမ်း၊ လဲချားဟော်တည်ရှိရာ မြေကွက်အမှတ် ၂၇၊ ဦးပိုင်အမှတ် ၈၄-က၊ မြေကွက်မှ အရှေ့အနောက် ၅၅ ပေ၊ တောင်မြောက် ၇၀ ပေ၊ ဧရိယာ ၀. ၁၈၅၀ စတုရန်းပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံကို အရောင်းအဝယ်ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု စွဲဆိုရာ အနိုင်ဒီကရီ ရရှိသည်။ ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်စပ်ခင်ဌေးပါ ၆ ဦးတို့က မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ အယူခံဝင်ရောက်သော်လည်း အောင်မြင်ခြင်း မရှိပေ။ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ စီရင်ချက်နှင့်ဒီကရီတွင် အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာ ပေါ်ပေါက်သည်ဟု တရားသူကြီးချုပ်က ယူဆသဖြင့် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၈ အရ အောက်ပါပြဿနာများကို အထူးအယူခံခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်စေရန် အထူးအယူခံမှု ဖွင့်လှစ်ခဲ့သည်-

၁။ အချင်းဖြစ်မြေနှင့် အိမ်ကိုမယားများမပါဘဲ ဦးစပ်နွံ တစ်ဦးတည်းက ဦးစိုင်းရီအား လွှဲပြောင်းရောင်းချခဲ့သည့် ၁-၁၁-၈၅ ရက်စွဲပါ အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်ကို ပဋိညာဉ်အတိုင်း ဆောင်ရွက်စေရန် ဒီကရီချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်ခြင်းရှိ-မရှိ၊

၂။ အချင်းဖြစ်မြေနှင့်အိမ်တန်ဖိုးငွေ ကျပ် ၃၀၀၀၀၀ ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပါလျက် ၁-၁၁-၈၅ ရက်စွဲပါ အရောင်းအဝယ်စာချုပ် (သက်သေခံအမှတ်-က) တွင် တန်ဖိုးငွေ ကျပ် ၁၅၀၀၀၀ ဖြင့် အရောင်းအဝယ် ပြုလုပ်ကြောင်း ဖော်ပြထားသဖြင့် ယင်းစာချုပ်သည် ဥပဒေနှင့် ညီညွတ်ပြီး အတည်ပြုနိုင်သောစာချုပ်ဟုတ်-မဟုတ်။

မူလရုံးအမှတ် ၁ တရားပြိုင်ဒေါ်လှကြွယ်နှင့် အမှတ် ၂ တရားပြိုင်ဒေါ်စပ်လိပ်လုံတို့သည် လဲချားစော်ဘွားကြီး ဦးစပ်နွံ၏ မယားပြိုင်များဖြစ်ကြသည်။ အမှတ် ၃ မှ ၈ အထိ တရားပြိုင်တို့သည် ဦးစပ်နွံနှင့် အခြားမယားပြိုင်တို့၏ သားသမီးများဖြစ်ကြသည်။

ဦးစပ်နွံသည် တောင်ကြီးမြို့၊ လမ်းမတော်ရပ်ကွက် စပ်စံထွန်းလမ်းရှိ လဲချားဟော်တည်ရှိရာ မြေကွက်အမှတ် ၂၇၊ ဦးပိုင်အမှတ် ၈၄-

က၊ စာရင်းပေါက်သောမြေကွက်မှ အရှေ့အနောက် ၅၅ ပေ၊ တောင်မြောက် ၇၀ ပေ၊ ဧရိယာ ၀. ၃၈၅၀ စတုရန်းပေရှိမြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံကို ဦးစိုင်းရီအား တန်ဘိုးငွေ ကျပ် ၁၅၀၀၀၀ ဖြင့် ၁-၁၁-၈၅ ရက်စွဲပါ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရောင်းချခဲ့သည်။



လဲချားစော်ဘွားကြီးဦးစပ်နွံသည် ၈-၁-၈၆ နေ့တွင် ကွယ်လွန်ခဲ့သည်။ သို့ဖြစ်၍ ဦးစိုင်းရီက ဦးစပ်နွံ၏ အမွေစားအမွေခံများ ဖြစ်ကြသော မူလရုံးတရားပြိုင်တို့အပေါ် အရောင်းအဝယ်ပဋိညာဉ်ပါ မြေနှင့်အဆောက်အအုံကို ၎င်းအား ရောင်းချသည့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။

ဤအထူးအယူခံတွင် ရှေးဦးစွာ အဆုံးအဖြတ်ပေးရမည့်ကိစ္စမှာ ဒေါ်လှကြွယ်နှင့် ဒေါ်စပ်လိပ်လုံတို့အား အယူခံတရားလိုများအဖြစ် ပါဝင်ခွင့် ပြုသင့်-မသင့် ဖြစ်သည်။

အယူခံတရားလိုများ၏ ရှေ့နေက ဤအယူခံသည် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရ တင်သွင်းသည့် အယူခံမှု မဟုတ်ကြောင်း၊ ပုဒ်မ ၈ အရ တရားသူကြီးချုပ်က ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် အမှုဖြစ်ကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁ နည်းဥပဒေ ၄ ပါ ပြဋ္ဌာန်းချက်အရ ဒေါ်လှကြွယ်နှင့် ဒေါ်စပ်လိပ်လုံတို့သည် အယူခံပင် မဝင်ခဲ့သော်လည်း အယူခံတရားရုံးအနေဖြင့် တရားပြိုင်အားလုံးအကျိုးအတွက် ဒီကရီကိုပယ်ဖျက်ခြင်း၊ ပြောင်းလဲခြင်းပြုလုပ်နိုင်ကြောင်း၊ ဤအမှု တွင် ဒေါ်လှကြွယ်နှင့် ဒေါ်စပ်လိပ်လုံတို့သည် အယူခံဝင်ခွင့်မရှိဟု ဆုံးဖြတ်သည့်တိုင် ၎င်းတို့အကျိုးငှာ ပထမအယူခံရုံးသည်လည်းကောင်း၊ အထူးအယူခံခုံရုံးသည်လည်းကောင်း ဆုံးဖြတ်နိုင်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားလိုတို့၏ ရှေ့နေက ပထမစာချုပ်အရ အဖိုးငွေသည် ကျပ် ၃ သိန်းဖြစ်စေရန် ငွေ ၂ သိန်းပေးခဲ့သဖြင့် ကျန်ငွေ ၁ သိန်းကျပ်သာဖြစ်ကြောင်း၊ သို့သော် သက်သေခံအမှတ် (က) တွင် ကျပ်တစ်သိန်းငါးသောင်းဟု ဖော်ပြခြင်းသည် အထင်အရှား မှားယွင်းနေကြောင်း၊ ယခင်ပေးပြီးငွေကိုလည်း ရည်ညွှန်းပြခြင်း မပြုကြောင်း၊ ဦးစိုင်းရီက “ အဆိုပါစာချုပ်တွင် စော်ဘွားကြီးဦးစပ်နွံမှာ နေမကောင်း၍ လက်မှတ်မထိုးနိုင်၍ လက်ဗွေနှိပ်ပါသည်” ဟုထွက်ဆိုသော်လည်း သက်သေခံအမှတ် (က) တွင် တံဆိပ်တုံးလက်မှတ်နှင့် လက်ဗွေတွေ့ရ

ကြောင်း၊ ထိုစဉ်က ဦးစပ်နွံမှာ လက်မှတ်မထိုးနိုင်လောက်အောင် နေမကောင်းပါလျှင် ၎င်း၏စိတ်ဆန္ဒအလျောက် ချုပ်ဆိုသောစာချုပ် မဖြစ်နိုင်ကြောင်း၊ ၎င်းသတိမရှိခြင်းကြောင့် ငွေကျပ် ၁၅၀၀၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်သည်ဟု မမှန်မကန်ဖော်ပြစာချုပ်ချုပ်ဆိုသည်ဟု ကောက်ယူရန်အခြေအနေပေါ်ပေါက်ကြောင်း၊ သို့ဖြစ်ရာ သက်သေခံ အမှတ် (က) မှာ တရားရုံးက အရေးယူဆောင်ရွက်ပေးသင့်သော စာချုပ် မဟုတ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက ဒေါ်စပ်လိပ်လုံမှာ ဤတရားမ အထူးအယူခံမှု အပြီးသတ်လျှောက်လဲချက်ကြားနာခြင်း မပြုရသေးမီ ကွယ်လွန် သွားသဖြင့် ၎င်း၏တရားဝင်ကိုယ်စားလှယ်အဖြစ် အမှုတွင် ပါဝင် ဆောင်ရွက်ခွင့်ပြုရန် ဒေါ်စပ်ချစ်ဦးက လျှောက်ထားခဲ့ကြောင်း၊ ဒေါ်လှကြွယ်နှင့် ဒေါ်စပ်လိပ်လုံတို့သည် မူလရုံးဒီကရီကို အယူခံ တက်ရောက်ခဲ့ခြင်းမရှိသဖြင့် ပြည်နယ်တရားရုံး၏ ဒီကရီသည် ၎င်းတို့ အပေါ် ယနေ့တိုင် အတည်ဖြစ်လျက်ရှိလျက်နေကြောင်း။ သို့ဖြစ်ရာ ၎င်းတို့ နှစ်ဦးသည် ယခုအထူးအယူခံမှုတွင် အယူခံတရားလိုများအဖြစ် ပါဝင် ဆောင်ရွက်ခွင့်မရှိကြောင်း၊ ဒေါ်လှကြွယ်နှင့် ဒေါ်စပ်လိပ်လုံတို့၏ တရားဝင်ကိုယ်စားလှယ်များအဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားသူများ ဖြစ်သည့် ဦးစပ်စိုးတင့်၊ ဒေါ်စပ်ကြည်မြနှင့် ဒေါ်စပ်ချစ်ဦးတို့သည်လည်း ဤအယူခံမှုတွင် အမှုသည်များအဖြစ် ပါဝင်ဆောင်ရွက်ခွင့်မရှိကြောင်း ရှေးဦးစွာလျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက အချင်းဖြစ်မြေနှင့်အိမ်ကို ကွယ်လွန်သူ ဦးစပ်နွံနှင့် ဦးစိုင်းရီတို့သည် တန်ဘိုးငွေကျပ် ၃၀၀၀၀၀ိ/- ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ၁-၁၁-၈၅ နေ့စွဲ ပါ အရောင်းအဝယ်စာချုပ်တွင် ရောင်းချသည့်အိမ်မြေတန်ဘိုးကို ၁၅၀၀၀၀ိ/- ဖြင့် ဖော်ပြချုပ်ဆိုခဲ့ကြောင်း၊ ဤအမှုတွင် တရားလိုသည် ဦးစပ်နွံထံမှ အချင်းဖြစ်အိမ်နှင့်မြေကို အမှန်တကယ်ဝယ်ယူခဲ့ပြီး ဝယ်ယူသည့်တန်ဘိုးငွေကျပ် ၃ သိန်းကိုလည်း အပြေအကျေပေးချေခဲ့ပြီး ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဝယ်သူနစ်နာမှုမရှိစေရန် တရားမျှတမှု၊ သာနာ ညီမျှမှု၊ စိတ်စေတနာကောင်းဟူသော မူသဘော ၃ ရပ်အပေါ် အခြေခံ၍ စဉ်းစားဆုံးဖြတ်သင့်ကြောင်း၊ သို့ပါ၍ အရောင်းအဝယ်စာချုပ်တွင် ငွေကျပ် ၁ သိန်းခွဲနှင့် ဖော်ပြချုပ်ဆိုထားသော်လည်း အမှန်တကယ်

၂၀၀၂
ဒေါ်စပ်ချစ်ဦး
(ကွယ်လွန်သူ
ဒေါ်စပ်လိပ်လုံ
၏တရားဝင်
ကိုယ်စားလှယ်)
နှင့်
ဦးစိုင်းရီ

အရောင်းအဝယ်ပြုလုပ်သည့် တန်ဘိုးဖြစ်သည့် ငွေကျပ် ၃ သိန်းအပေါ်တွင်ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်နှင့် မှတ်ပုံတင်ကြေးတို့ ပေးဆောင်စေပြီးတရားဝင်မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ဆိုစေရန် ချမှတ်သင့်ကြောင်း၊ ထိုသို့တန်ဘိုးငွေကျပ် ၃ သိန်းနှင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေရန် ချမှတ်မည်ဆိုပါက တရားလို၊ တရားပြိုင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာခြင်းမဖြစ်စေနိုင်ကြောင်း အကယ်၍စာချုပ်ကို မှတ်ပုံတင်ပေးခြင်းမပြုရန် ချမှတ်မည်ဆိုပါက တန်ဘိုးငွေအပြည့်ပေးချေ၍ အမှန်တကယ် ဝယ်ယူခဲ့သူ တရားလိုတွင် များစွာထိခိုက်နစ်နာမှုဖြစ်ပေါ် စေမည်ဖြစ်ကြောင်း၊ ထို့ပြင် အရောင်း အဝယ်ပြုလုပ်သည့် တန်ဘိုးငွေအတိုင်း စာချုပ်မချုပ်ဘဲ တန်ဘိုးလျှော့၍ ဖော်ပြချုပ်ဆိုခဲ့ခြင်းမှာ ရောင်းသူဦးစပ်နွံအားလိုက်လျော၍ တရားလိုက ချုပ်ဆိုပေးခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ တရားလိုသည် မိမိ၏ကိုယ်ကျိုး အတွက်မရိုးမသားပြုလုပ်ခဲ့ခြင်း မဟုတ်ဘဲ သဘောရိုးနှင့် မသိနားမလည်၍ပြုလုပ်ခဲ့သည့်အပေါ်တွင် အရောင်းအဝယ်ကို အတည်ပြုမှတ်ပုံတင်ပေးခြင်း မခံရပါကများစွာနစ်နာစေမည် ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

ဒေါ်လှကြွယ်နှင့် ဒေါ်စပ်လိပ်လုံတို့သည် ဦးစိုင်းရီ စွဲဆိုသည့် မူလတရားမကြီးမှုတွင် တရားပြိုင်များအနေဖြင့် ပါဝင်ခဲ့ကြသည်။ မူလမှုတွင် ဦးစိုင်းရီ စွဲဆိုသည့်အတိုင်း ပြည်နယ်တရားရုံးက ဒီကရီချမှတ်သည်။ ပြည်နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်လှကြွယ်နှင့် ဒေါ်စပ်လိပ်လုံတို့က တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ခဲ့ခြင်း မရှိပေ။ ဤအထူးအယူခံမှုမှာ တရားရုံးချုပ်၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်စစ်ဆေးစီရင်ရန် ဖွင့်လှစ်သည့်အမှုဖြစ်သည်။ ဒေါ်လှကြွယ်နှင့် ဒေါ်စပ်လိပ်လုံတို့သည် ပြည်နယ်တရားရုံးက ချမှတ်သော ဒီကရီကို တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ခြင်း မပြုခဲ့သည့်အတွက် အထူးအယူခံမှုတွင် အယူခံတရားလိုများအဖြစ် ပါဝင်ခွင့်ရရှိမည်မဟုတ်ပေ။ သို့ဖြစ်၍ ကွယ်လွန်သူ ဒေါ်လှကြွယ်နှင့် ဒေါ်စပ်လိပ်လုံတို့၏ တရားဝင်ကိုယ်စားလှယ်များသည်လည်း ကွယ်လွန်သူတို့ကိုယ်စား အယူခံတရားလိုများအဖြစ် ပါဝင်ခွင့်မရှိပေ။

**ဦးကျော်မြင့်အောင်ပါ-၂၊ ကိုမောင်မြင့်ပါ-၂နှင့် ဒေါ်ခင်မာမာပါအမှု**[၁] တွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်-

---

(၁) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၉

" တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ တွင် မူလစီရင်ပိုင်ခွင့်ကို ကျင့်သုံး၍ ချမှတ်သောဒီကရီကို အယူခံစီရင်ပိုင်ခွင့်ရှိသောရုံးသို့ အယူခံဝင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရဆိုလျှင် တိုင်းတရားရုံးကချမှတ်သောဒီကရီကိုမကျေနပ်ပါက တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ရမည်ဖြစ်သည်။ ဆက်လက်၍ တရားရုံးချုပ်က အယူခံမှုတွင် ချမှတ်သောစီရင်ချက်၊ အမိန့်ဆုံးဖြတ်ချက်ကို မကျေနပ်သေးပါက အထူးအယူခံဝင်ခွင့်ပြုရန်လျှောက်ထားနိုင်သည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ တွင် မူလရုံး၏ဒီကရီအပေါ် အယူခံစီရင်ပိုင်ခွင့်ရှိသော အယူခံရုံးသို့ အယူခံဝင်ရောက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါလျက် တိုင်းတရားရုံး၏ ဒီကရီကို တရားရုံးချုပ်သို့ ပထမအယူခံဝင်ရောက်ခြင်းမရှိဘဲ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည်ဟု ကောက်ယူပါလျှင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ ပါပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်မည်ဖြစ်သည်။

တရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရ သတ်မှတ်သည့် လုပ်ထုံးလုပ်နည်းသည် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်လျှင် တည်ဆဲဥပဒေကသာ လုပ်ထုံးလုပ်နည်းကို လွှမ်းမိုးမည်ဖြစ်ပေသည်။

စုံညီခုံရုံးဖြင့် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၃ တွင် ဖော်ပြပါရှိသည့်အမှုသည် တစ်ဦးဦးဆိုသည်မှာ တရားရုံးချုပ်သို့ တည်ဆဲဥပဒေနှင့်အညီ အယူခံဝင်ရောက်သူအမှုသည် သို့မဟုတ် တရားရုံးချုပ်က မူလရုံး၏ဆုံးဖြတ်ချက်ကို ပြင်ဆင်ဆုံးဖြတ်ခြင်းကြောင့် ထိခိုက်နစ်နာသူအမှုသည်ကို ရည်ရွယ်ခြင်းဖြစ်သည်။ အကယ်၍သာ တရားရုံးတစ်ရုံးရုံး၏ ဒီကရီကို တရားရုံးအဆင့်ဆင့်အယူခံဝင်ရောက်ခဲ့ခြင်း မရှိသူအမှုသည်တစ်ဦးဦးက လုပ်ထုံးလုပ်နည်းအပိုဒ် ၃ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားနိုင်သည်ဆိုပါက အမှုသည်တို့အနေဖြင့် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးအဆင့်ဆင့် အယူခံဝင်ရောက်ခြင်း မပြုတော့ဘဲ အဆင့်ကျော်၍ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထား

လာကြမည့် အန္တရာယ်ရှိသောကြောင့် ထိုကဲ့သို့အခိပ္ပါယ်ကောက် ယူရန် သင့်လျော်မည် မဟုတ်ပေ။"

၂၀၂
ဒေါ်စပ်ချစ်ဦး (ကွယ်လွန်သူ ဒေါ်စပ်လိပ်လုံ၏တရားဝင် ကိုယ်စားလှယ်) နှင့် ဦးစိုင်းရီ

ယခုအထူးအယူခံမှုသည် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၈ အရ ဖွင့်လှစ်သည့်အမှုဖြစ်သော်လည်း အထူးအယူခံဝင်ခွင့် ရှိသူသည်သာ အယူခံတရားလိုအဖြစ်ပါဝင်ခွင့် ရှိနိုင်မည်ဖြစ်ပေသည်။

အထူးအယူခံခုံရုံးက ကြားနာရမည့် ပထမပြဿနာမှာ ဦးစပ်နွံ၏ ဇနီးမယားများနှင့် အခိကသက်ဆိုင်သည့် ပြဿနာဖြစ်သည်။ အထူး အယူခံမှုတွင် ဦးစပ်နွံ၏ဇနီးမယားများဖြစ်ကြသည့် ဒေါ်လှကြွယ်၊ ဒေါ်စပ်လိပ်လုံတို့သည် အယူခံတရားလိုများအဖြစ် ပါဝင်ခွင့်မရသဖြင့် ၄င်းတို့နှင့်သက်ဆိုင်သည့် အမှတ် ၁ ပြဿနာကို ဖြေဆိုရန်လိုမည် မဟုတ်ပေ။

လဲချားစော်ဘွားကြီးဦးစပ်နွံနှင့် ဦးစိုင်းရီတို့သည် အချင်းဖြစ် အိမ်နှင့်မြေကို အရောင်းအဝယ်ပြုလုပ်ရာ၌ ရှေ့ဦးစွာ ၆-၆-၈၄ ရက်စွဲပါ အိမ်နှင့်မြေ အရောင်းအဝယ်စရန်ပေးစာချုပ် (သက်သေခံအမှတ်-စ) စာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ အဆိုပါစရန်ငွေပေးစာချုပ်တွင် အချင်းဖြစ် မြေကွက်ကို တန်ဘိုးငွေကျပ် ၃ သိန်းဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်း ဖော်ပြထားသည်။

တရားလိုဦးစိုင်းရီက အောက်ပါအတိုင်းထွက်ဆိုသည်-

" × × × အိမ်ငှားအဖြစ် ကျွန်တော်နေထိုင်လျက်ရှိစဉ် စော်ဘွားကြီးဦးစပ်နွံက ကျွန်တော်နေထိုင်လျက်ရှိသော အိမ်နှင့်၄င်းအိမ် တည်ရှိရာမြေ (အချင်းဖြစ်အိမ်နှင့် အချင်းဖြစ်မြေ) ကို တန်ဖိုးငွေသုံးသိန်းခွဲ ဖြင့် ရောင်းချလိုကြောင်း ကျွန်တော်အားပြောပါသည်။ ကျွန်တော်က ငွေသုံးသိန်းကျပ်ဖြင့်ရောင်းချမည်ဆိုလျှင် ကျွန်တော်ဝယ်ယူလိုကြောင်း စော်ဘွားကြီးဦးစပ်နွံအား ပြောပြပါသည်။ ငွေသုံးသိန်းကျပ်ဖြင့် အရောင်း အဝယ်ပြုလုပ်ရန် စော်ဘွားကြီးဦးစပ်နွံနှင့် ကျွန်တော်တို့ သဘောတူကြ ပါသည်။ ထိုသို့သဘောတူပြီးနောက် ကျွန်တော်နှင့်စော်ဘွားကြီးဦးစပ်နွံ တို့သည် အချင်းဖြစ်အိမ်နှင့်မြေကို အရောင်းအဝယ်ပြုလုပ်ရန် စရန်ငွေပေး စာချုပ်ချုပ်ဆိုကြပါသည်။ ၄င်းစရန်ငွေပေးစာချုပ်ကို ၆-၆-၈၄ ရက်နေ့ တွင် ချုပ်ကြပါသည်။ ၄င်းစာချုပ်တွင် စော်ဘွားကြီးဦးစပ်နွံ၊ ကျွန်တော် ဦးစိုင်းရီ သက်သေဦးမြင့်နှင့် ဦးရှိစောင်းတို့ လက်မှတ်ရေးထိုးကြပါသည်။

၁-၁၁-၈၅ နေ့တွင် စော်ဘွားကြီးဦးစပ်နွံနှင့် ဦးစိုင်းရီတို့သည်

အိမ်နှင့်မြေအရောင်းအဝယ်စာချုပ် (သက်သေခံအမှတ်-က) ကိုချုပ်ဆိုကြသည်။ ယင်းစာချုပ်တွင် မြေကွက်တန်ဘိုးကိုကျပ် ၁ သိန်း ၅ သောင်းဟု ဖော်ပြထားသည်။

ငွေကျပ် ၃ သိန်းဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူထားကြပါလျက်နှင့် အရောင်းအဝယ်စာချုပ်တွင် တန်ဖိုးကို ၁ သိန်းခွဲဟု ဖော်ပြထားခြင်းမှာ စော်ဘွားကြီးက အမြတ်ခွန်သက်သာစေရန်အတွက် ထိုသို့ဖော်ပြရန် ပြောဆိုသောကြောင့် ကျွန်တော်ကလည်း သဘောတူသောကြောင့်ဖြစ်ပါသည်ဟု ဦးစိုင်းရီက သက်သေခံအမှတ် (က) အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်တွင် တန်ဖိုးလျှော့နည်း၍ ချုပ်ဆိုသည့်ရည်ရွယ်ချက်ကို ရှင်းလင်းထွက်ဆိုသည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ တွင် သဘောတူညီချက်၏ရည်ရွယ်ချက်သည် အောက်ပါအချက်တစ်ရပ်ရပ်မရှိမှသာလျှင် တရားဥပဒေနှင့်ညီကြောင်း ပြဋ္ဌာန်းထားသည်-

(၁) တရားဥပဒေဖြင့် တားမြစ်ထားသည့်အချက်၊
(၂) အကယ်၍ ခွင့်ပြုလျှင် တရားဥပဒေပြဋ္ဌာန်းချက်များကို ပျက်ပြားစေမည့် အချက်၊
(၃) လိမ်လည်လှည့်ဖြားရာရောက်သည့်အချက်၊
(၄) သူတပါး၏ကိုယ် သို့မဟုတ် ပစ္စည်းကို ထိခိုက်နစ်နာစေခြင်း သို့မဟုတ် နစ်နာရာရောက်စေသည့်အချက်၊
(၅) ကျင့်ဝတ်တရားပျက်ပြားသည့် သို့မဟုတ် အများပြည်သူဆိုင်ရာဝါဒနှင့် ဆန့်ကျင်သည်ဟု တရားရုံးက ထင်မြင်သည့် အချက်။

လဲချားစော်ဘွားကြီးဦးစပ်နွံနှင့် ဦးစိုင်းရီတို့သည် အိမ်မြေအရောင်းအဝယ် စာချုပ်ချုပ်ဆိုကြရာတွင် အဘိုးစားနား တန်ဖိုးငွေ ကျပ် ၃ သိန်းဖြင့် အမှန်တကယ် အရောင်းအဝယ်ပြုလုပ်ကြခြင်း ဖြစ်ပါလျက် အမြတ်ခွန်သက်သာစေရန်အလို့ငှာ အဘိုးစားနား တန်ဖိုးငွေကို ၁ သိန်းခွဲဟု ဖော်ပြခြင်းမှာ မမှန်မကန်ဖော်ပြခြင်းဖြစ်သည်။ ရောင်းသူဝယ်သူနှစ်ဦးလုံးက အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးကို လျှော့နည်း၍ မမှန်မကန်ဖော်ပြခြင်းသည် အမြတ်ခွန်နှင့် တံဆိပ်ခွန်များ သက်သာစေရန် သက်ဆိုင်ရာဌာနများကို လိမ်လည်လှည့်ဖြားခြင်းဖြစ်၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ အရ ယင်းသဘောတူညီချက်၏ ရည်ရွယ်ချက်သည်

တရားဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ချေ။ တရားဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့် သဘောတူညီချက်ကို အတည်မပြုလုပ်နိုင်ပေ။

အရောင်းအဝယ်စာချုပ်တွင် အဘိုးစားနားတန်ဘိုးငွေကျပ် ၁ သိန်းခွဲဖြင့် မမှန်မကန် ဖော်ပြချုပ်ဆိုထားသည်ကို အမှန်အကန် ရောင်းဝယ်သည့်အဘိုးစားနားတန်ဘိုးငွေကျပ် ၃ သိန်းအပေါ်တွင် ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်နှင့် မှတ်ပုံတင်ကြေးတို့ ပေးဆောင်စေပြီး တရားဝင်မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆိုစေမည်ဆိုပါက ရောင်းသူနှင့် ဝယ်သူတို့၏ တရားဥပဒေနှင့်မညီသည့် သဘောတူညီချက်ကို အားပေးရာရောက်မည်ဖြစ်၍ တရားမျှတမှု၊ သာနာညီမျှမှု၊ စိတ်စေတနာကောင်းမှုဟူသောမူနှင့်လည်း ညီညွတ်မျှတမည်မဟုတ်ပေ။

ထို့ကြောင့် ကြားနားလျက်ရှိသည့်အမှတ် ၂ ပြဿနာကို **အောက်ပါအတိုင်း** ဖြေဆိုလိုက်သည်-

> " အချင်းဖြစ်မြေနှင့်အိမ်ကို တန်ဖိုးငွေကျပ် ၃၀၀၀၀၀ ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပါလျက် ၁-၁၁-၈၅ ရက်စွဲပါ အရောင်းအဝယ်စာချုပ် (သက်သေခံအမှတ်-က) တွင် တန်ဖိုးငွေကျပ် ၁၅၀၀၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်း ဖော်ပြထားသဖြင့် ယင်းစာချုပ်သည် ဥပဒေနှင့်ညီညွတ်ပြီး အတည်ပြုနိုင်သော စာချုပ်မဟုတ်ကြောင်း။"

ဤအထူးအယူခံမှုကို ခွင့်ပြုပြီး တရားရုံးချုပ်နှင့် ရှမ်းပြည်နယ်တရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီတို့ကို ပယ်ဖျက်ကာ အယူခံတရားပြိုင် ဦးစိုင်းရီစွဲဆိုသည့်အမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခကျပ် ၃၀၀ဝိ/- သတ်မှတ်သည်။